**(၁) ချေးဖတ်ရောဂါ (Scab)**

**ရောဂါဖြစ်စေသောသက်ရှိ-** *Elsinoë fawcettii* Bitanc. & Jenkins

**ရောဂါလက္ခဏာများ**

အရွက်၏အောက်မျက်နှာပြင်တွင် မျက်နှာပြင်ကြမ်းတမ်းသော နို့နှစ်ရောင်/အဖုလေးများကို အကွက်သေး၊ အကွက်ကြီး ပုံသဏ္ဍာန် အမျိုးမျိုးတွေ့ရသည်။ အသီးပေါ်တွင် မျက်နှာပြင် ကြမ်းတမ်းသော နို့နှစ်ရောင်အဖုအကွက်များကိုအသေး၊အကြီးတွေ့ရသည်။





**ကာကွယ်နှိမ်နင်းနည်းများ**

- ခံနိုင်ရည်ရှိသော မျိုးကိုစိုက်ပါ။
- ရောဂါရပင်ကြွင်းပင်ကျန်များနှင့်ပေါင်းမြက်များအား မီးရှို့ဖျက်ဆီးပါ။
- ရောဂါကျရောက်ပါက ကော့ပါးပါဝင်သောဆေး၊ Difenoconazole (ဒီဖီနိုကိုနာဇိုး)၊ Chlorothalonil (ကလိုရိုသာလိုနေးလ်)၊ Hexaconazole (ဟက်ဇာကိုနာဇိုး)၊ စသော မှိုသတ်ဆေး များ အသုံးပြုပက်ဖျန်းပါ။